
# တံဆိပ်လေးမျိုး

ကျမ်းစာထဲ၌ တံဆိပ်ဟူ၍အမျိုးမျိုးရှိမည်ဖြစ်သည် သို့သော်လည်း တံဆိပ်လေးမျိုးဟူ၍ဖော်ပြလိုသည် ၎င်းတို့မှာ သန့်ရှင်းသော ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်း၊ အသိစိတ်ကိုသံပူနှင့်တံဆိပ်ခတ်ခြင်း၊ အစ္စရေးအမျိုးသား(၁၄၄၀၀၀)တံဆိပ်ခတ်ခြင်း၊ စာတန်မာရ်နတ်နှင့်ဆိုင်သော ၆၆၆တံဆိပ်ခတ်ခြင်းတို့ဖြစ်သည်။ ယုံကြည်သူများအနေဖြင့် သိသင့်သိထိုက်သော တံဆိပ်များဖြစ်သည်။

## ၁။ သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်း



သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ကတိတော်နှင့်ဆိုင်သော အရာဖြစ်သည်။ ဘုရားသခင်ပေးမှသာလျှင် ရရှိမည့်အရာဖြစ်သည် တောင်း၍ ရနိုင်သောအရာမျိုးမဟုတ်ချေ၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ ကျမ်းစာဖတ်ခြင်းအားဖြင့်သော်လည်းကောင်း၊ ယုံကြည်စိတ်အားကြီးခြင်းယုံ ဖြင့် သော်လည်းကောင်း ရရှိနိုင်သောအရာမဟုတ်ချေ။

## ယုံကြည်ခြင်းအားဖြင့်

ယေရှုနှင့်အတူသေခြင်း၊ အတူသင်္ဂြိုဟ် ခြင်း၊ သူနှင့်အတူထမြောက်ခြင်း ဧဝံဂေလိတရားကို ကြားနာရ၍၊ သမ္မာတရားနှင့်အညီ ယုံကြည်လက်ခံမှ သာလျှင်၊ ထိုယုံကြည်လက်သောသူကို ဘုရားကထားသော ကတိတော်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံရမည်ဖြစ်သည်။

**ဧ၊ ၁း ၁၃ သင် တို့ သည် လည်း သင် တို့ ၏ ကယ်တင် ခြင်း နှင့်ဆိုင်သည့် ကောင်းမြတ် သော သတင်း တည်းဟူသော သမ္မာတရား ၏ နှုတ်ကပတ်တော် ကို ထို သခင် ၌ ကြား ရ ၍ ကိုယ်တော် ကို ယုံကြည် သဖြင့် ကတိ ထားတော်မူ သော သန့်ရှင်း သော ဝိညာဉ် တော် ဖြင့် တံဆိပ် ခတ်နှိပ် ခြင်း ကို ခံရကြ ၏။**

သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံရသောသူသည် ဘုရားသခင်၏သားသမီးများဖြစ်ခြင်း၏အမှတ်တံဆိပ်ဖြစ်သည်။ လူ့မျက်စိအားဖြင့်မမြင်ရသော်လည်း ဝိညာဉ်အားဖြင့်ဖြစ်သည်။ ထာဝရငရဲထဲသို့မသွားတော့ပဲ ကောင်းကင်နိုင်ငံတော်သို့သွားမည်ဖြစ်သည်။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံရပြီလော။ မိမိကိုယ်ကို စစ်ဆေးဖို့ရန်ဖြစ်သည်။ ချီဆောင်ခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံသောသူများသာလျှင် ချီဆောင်မည်ဖြစ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုမခံသောသူသည် ချီဆောင်ခြင်း၌ပါမည်မဟုတ်။

ဥပမာ ကျောင်းသားတစ်ယောက်ကို ဆယ်နှစ်တန်းအောင်လက်မှတ်ကို အစိုးရက ဆယ်နှစ်တန်းအောင်သောသူကို ပေးဖို့ရန် ကတိထားသော လက်မှတ်

ဖြစ်သည်။ ဆယ်နှစ်တန်းအောင်လျှင် လက်မှတ်တောင်းစရာမလိုပဲ အစိုးရက ပေးမည် ဖြစ်သည်။ သို့သော် ဆယ်နှစ်တန်းမအောင်ပဲ လက်မှတ်ကိုတောင်း လျှင် အစိုးရကပေးမည်လော မပေးနိုင်ချေ၊ ထို့နည်းတူ ယေရှုကို မိမိကယ်တင် ပိုင်ရှင်အဖြင့် ယုံကြည်လက်ခံခြင်းမရှိပဲ ကတိတော်နှင့်စပ်ဆိုင်သော သန့်ရှင်း သောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံနိုင်မည်မဟုတ်။

## ၂။ အသိစိတ်ကိုသံပူတံဆိပ်ခတ်ခြင်း



ယခုနေ့ရက်ကာလသည် နောက်ဆုံးသောကာလဖြစ်သည်။ ခရစ်တော် လဲ ကြွလာခါနီး၍ ချီဆောင်ခြင်းလဲ အလွန်နီးပြီဖြစ်သည်။ ခရစ်တော်ကနောင် ကာလ၌ လှည့်ဖြားသောဝိညာဉ်များနှင့် နတ်ဆိုးတို့၏သွန်သင်ချက်များကိုအာရုံ စိုက်လာကြလိမ့်မည်ဟုဆိုသည်။ နတ်ဆိုတို့၏သွန်သင်ချက်များသည် မှားယွင်း သော သွန်သင်ချက်များဖြစ်သည်။ ယခုလူအများစုသည် သမ္မာတရားနှင့် သွန်သင်ခြင်းများမနှစ်သက်ကြတော့ချေ၊ အပြစ်လုပ်လျှင်လဲ ဘုရားကခွင့်လွှတ် သည် ဘုရားသခင်က မေတ္တာရှင်ဖြစ်သည်၊ ဘုရားသခင်သားသမီးများမှန်လျှင်

ချမ်းသာရမည်၊ ကျန်းမာရမည် ဟူသောသွန်သင်ချက်များကို ပို၍နှစ်သက်လာကြသည် လောကကိုမချစ်နဲ့ ဤလောကအရာများသည် ထာဝရကောင်းကင်ယူသွား၍မရချေ ဟူသောသွန်သင်ချက်များကို မကြားချင်ကြတော့ချေ။ နတ်ဆိုးများ၏သွန်သင်ချက်များကို ယုံကြည်လက်ခံသောသူများသည် မိမိယုံကြည်ခဲ့သော ယုံကြည်ခြင်းကိုစွန့်ခွာလာကြလိမ့်မည်ဟု ဝိညာဉ်တော်သည် အတိအလင်းဖော်ပြသည်။

**၁တိ၊ ၄း ၁-၂ သို့သော် နောင် လာ မည့် အချိန် ကာလ များ ၌ လူ အချို့ တို့ သည် လှည့်ဖြား သော ဝိညာဉ် များ နှင့် နတ်ဆိုး တို့ ၏ သွန်သင် ချက် များ ကို အာရုံစိုက် လျက် ယုံကြည် ခြင်း ကို စွန့်ခွာ ကြ လိမ့်မည် ဟု ဝိညာဉ် တော် သည် အတိအလင်း မိန့် တော်မူ ၏။ ၂ထို သွန်သင်ချက် များ သည် မိမိ တို့ အသိစိတ် ကို သံပူ တံဆိပ် ခတ် ထား ခြင်း ခံရ သည့် လိမ်လည် သော သူ တို့ ၏ သူတော်ကောင်း ယောင်ဆောင် မှု အားဖြင့် ဖြစ် ၏။**

## အသိစိတ်ကိုသံပူနှင့်မည်ကဲ့သို့တံဆိတ်ခတ်ခြင်းခံရသနည်း

ကျွန်ခံရာကာလ၌ ကျွန်ပိုင်ရှင်များက မိမိတို့၏စီးပွားရေးအခြေအနေမကောင်းသောအခါ သော်လည်းကောင်း၊ ကျွန်သည်အလုပ်မလုပ်နိုင်သောအခါ၌သော်လည်းကောင်း မိမိတို့၌ရှိသောကျွန်များကို အခြားသော သူများထံသို့ ရောင်းကြသည် ထိုသို့ရောင်းခြင်းခံရသောကျွန်သည် ဝယ်ယူသောသူက အမှတ်တံဆိပ်ကို သံပူနှင့်တံဆိပ်ခတ်တတ်ကြသည် ထိုသို့များလာသောအခါ၊ လူ၌ရှိသော အသိတရားစိတ်ကပျက်စီးသွားတတ်သည်။

ယခုနေ့ရက်ကာလသည် နောက်ဆုံးသောကာလဖြစ်သောကြောင့် လူများတို့၏အသိစိတ်သည် ပျက်စီးသွားပြီဖြစ်သည် မည်ကဲ့သို့ပျက်စီးသနည်းဆိုသော် ကလေးသူငယ်များမှအစ အပြောအဆိုမတတ်ကြတော့ချေ၊ စိတ်နှလုံးထဲ၌ ရိုးသားခြင်း၊ အားနာခြင်း၊ ရှိက်ကြောင့်ခြင်း မရှိကြတော့ချေ၊ လူကြီးကိုရိုသေရမှတ်မသိကြတော့ချေ၊ အမှုတော်ဆောင် ဆရာ၊ ဆရာမ များကို မည်ကဲ့သို့ဆက်ဆံစကားပြောရမည်ကိုမသိကြတော့ချေ၊ သွန်သင်ခြင်းများကိုလဲနာမခံနိုင်ကြတော့ချေ။ အထူးသဖြင့် နုတ်ကပတ်တော်ကိုဝန်မခံနိုင်ကြတော့ချေ၊ သမ္မာတရားထက် မုသာတရားကိုပဲ နှစ်သက်လာကြသည်၊ ကျန်းမာချမ်းဒေသနာများနောက်သို့လိုက်လာကြကာ အရင်အဦးကြားနာရသော သမ္မာတရားကို တန်ဖိုးမကြတော့ချေ အလွန်ဝမ်းနည်းစရာဖြစ်သည် ယုံကြည်ခြင်းတရားကိုစွန့်ပစ်လာကြသဖြင့် သူတို့၏အသက်တာများလဲ ပျက်စီးခြင်းသို့ဦးတည်လာသည်။ ထိုသို့သောသူများသည် အသိစိတ်ကိုသံပူတံဆိပ်ခတ်ခြင်းကိုခံရ၍၊ အသိစိတ်ပျက်စီးသောသူများဖြစ်ကြသည်။

**၃။ ဘုရားက အစ္စရေးအမျိုး( ၁၄၄၀၀၀ ) ကိုတံဆိပ်ခတ်ခြင်း**



အစ္စရေးလူမျိုးတစ်မျိုးထဲမှ တစ်သောင်းနှစ်ထောင်ကိုရွေးပြီး အားလုံး တစ်သိန်းလေးသောင်းလေးထောင်တို့သည် သိုးသငယ်တော်၏နာမနှင့် ခမည်းတော်၏နာမတို့ကို မိမိတို့နဖူး၌ရေးထားသည်။ (ဗျာ၊ ၇း၁-၈)။

**ဗျာ၊ ၁၄း၁ ထို့နောက် ငါ ကြည့် လိုက် ရာ သိုးသငယ် တော် သည် ဇိအုန် တောင် ပေါ်တွင် ရပ် နေ ၏။ သိုးသငယ် တော် ၏ နာမ နှင့် ခမည်းတော် ၏ နာမ တို့ ကို မိမိ တို့ နဖူး ၌ ရေး ထား သော သူ တစ်သိန်း လေးသောင်း လေး ထောင် တို့ သည် လည်း သူ နှင့်အတူ ရှိ ကြ ၏။**

တစ်သိန်းလေးသောင်းလေးထောင်တို့သည် ချီဆောင်ခြင်းပြီးပြီးမှ ဘေးဒုက္ခကြီးကာလ ဒုတိယပိုင်ကနေ ဤလောက၌ ဧဝံဂေလိတရားကို ဟောပြောမည့် သူများအဖြင့် အထူးရွေးချယ်ထားခြင်းကို ခံသောသူများဖြစ်ကြသည်။ သူတို့ဟောပြောရမည့် ဧဝံဂေလိတရားသည် နိုင်ငံတော်နှင့်ဆိုင်သော ဧဝံဂေလိတရားကို ဟောပြောကြလိမ့်မည်။( မဿဲ၊ ၂၄း၁၄ )။

ဘေးဒုက္ခကြီးကာလ၌ တစ်သိန်းလေးသောင်းလေးထောင် တို့သည် ဧဝံဂေလိတရားကိုဟောပြောကြသောအခါ ခရစ်တော်ကိုဆန့်ကျင်အန်တုသူသည် သူတို့ကိုသတ်နိုင်မည်မဟုတ်ကြောင်းဤသို့တွေ့ရသည်။

**ဗျာ၊ ၉း၁-၉ ပဉ္စမ ကောင်းကင် တမန် သည် တံပိုးခရာ ကို မှုတ် လိုက် သောအခါ ကောင်းကင် မှ မြေကြီး ပေါ်သို့ ကျ လာ သော ကြယ် တစ် လုံး ကို ငါ မြင် ရ ၏။ ထို ကြယ် အား အတိုင်းမသိ နက်ရှိုင်း သော တွင်း ၏ သော့ ကို ပေးအပ် ထား ၏။ 2သူ သည် ထို အတိုင်းမသိ နက်ရှိုင်း သော တွင်း ကို ဖွင့် လိုက် သောအခါ မီးဖို ကြီး ၏ မီးခိုး ကဲ့သို့သော မီးခိုး များ သည် ထို တွင်း ထဲ မှ တက် လာ ပြီး ထို တွင်း ၏ မီးခိုး များ ကြောင့် နေ နှင့် အာကာသ သည်**

**မှောင်မိုက် သွား လေ ၏။ 3ထို့နောက် ထို မီးခိုး ထဲမှ ကျိုင်းကောင် များ သည်
မြေကြီး ပေါ်သို့ ထွက်လာ ကြ ၏။ သူ တို့ အား မြေကြီး ၏ ကင်းမြီးကောက်
တို့ ၌ ရှိ သည့် အစွမ်း ကဲ့သို့သော အစွမ်း ကို ပေးအပ် ထား ၏။ 4မြေကြီး ပေါ်
ရှိ မြက် ပင် များ နှင့် မည်သည့် စိမ်းလန်း သော အရာ ၊ သို့မဟုတ် မည်သည့်
သစ်ပင် ကို မျှ ဘေး မ သင့် စေ ဘဲ နဖူး ပေါ်တွင် ဘုရားသခင် ၏ တံဆိပ်
တော် မ ရှိ သော သူ တို့ ကို သာ ဘေးသင့် စေရန် သူ တို့ အား မှာထား ၏။
5ထို့ပြင် လူ တို့ ကို အသေ မ သတ် ဘဲ ငါး လ ပတ်လုံး ညှဥ်းဆဲ သော အခွင့်
ကို ပေး ထား ၏။ လူ တို့ ခံရ သည့် ဝေဒနာ သည် လူ ကို ကင်းမြီးကောက် ထိုး
သောအခါ ခံရ သည့် ဝေဒနာ မျိုး နှင့် တူ ၏။ 6ထို နေ့ရက် များ ၌ လူ တို့
သည် သေ ခြင်း ကို ရှာ ကြ လိမ့်မည်။ သို့သော် တွေ့ ကြ မည် မ ဟုတ်။ အလွန်
သေ ချင် သော်လည်း သေ ခြင်း သည် သူ တို့ ထံမှ ထွက်ပြေး လိမ့်မည်။**

ခရစ်တော်ကိုဆန့်ကျင်အန်တုသောသူသည် တစ်သိန်းလေးသောင်းလေးထောင်တို့ကို သတ်နိုင်မည်မဟုတ် အဘယ်ကြောင့်ဆိုသော် သူတို့ကို ဘုရားက ကာကွယ်မည်ဖြစ်သောကြောင့်ဖြစ်သည်။

**ဗျာ၊ ၁၂း၁၃-၁၇ နဂါး သည် မြေကြီး ပေါ်သို့ ပစ်ချ ခြင်း ခံရ သည် ကို
သိမြင် သောအခါ သား ယောက်ျား ကို ဖွားမြင် သော အမျိုးသမီး အား
လိုက်လံ ညှဥ်းဆဲ လေ ၏။ 14 သို့သော် ထို အမျိုးသမီး သည် တော ကန္တာရ ထဲ
ရှိ မိမိ ၏ နေရာ အရပ် သို့ ပျံသန်း သွား နိုင် ရန် ကြီးမား သော လင်းယုန် ၏
အတောင် နှစ် ခု ကို ရရှိ ၏။ သူ သည် ထို အရပ် တွင် မြွေ ၏ ရှေ့မှောက် မှ
လွတ် ၍ တစ် ကာလ၊ နှစ် ကာလ နှင့် ကာလ တစ်ဝက် အတွင်း ပြုစု
စောင့်ရှောက် ခြင်း ကို ခံရ ၏။ 15 မြွေ သည် ထို အမျိုးသမီး ကို ရေ ၌ မျော**

**ပါ သွား စေရန် သူ ၏ နောက်တွင် ရေ ကို မြစ် သဖွယ် မိမိ ခံတွင်း ထဲမှ မှုတ်**
**ထုတ် လိုက် ၏။ 16သို့သော် မြေကြီး သည် ထို အမျိုးသမီး ကို ကူညီ လေ**
**၏။ မြေကြီး သည် မိမိ ခံတွင်း ကို ဖွင့် ၍ နဂါး ၏ ခံတွင်း မှ မှုတ် ထုတ်**
**လိုက် သော မြစ် ရေ ကို မျိုချ လိုက် ၏။ 17ထိုအခါ နဂါး သည် ထို**
**အမျိုးသမီး အပေါ် အမျက်ထွက် ၍ ဘုရားသခင် ၏ ပညတ် တော် တို့ ကို**
**စောင့်ထိန်း သော သူ များ နှင့် ယေရှု နှင့်ဆိုင်သည့် သက်သေခံ ချက် ကို ရရှိ**
**ထား သော သူ များ ဖြစ် ကြ သည့် ထို အမျိုးသမီး ၏ အမျိုးအနွယ် ထဲမှ**
**ကျန်ရှိ သော သူ တို့ နှင့် စစ်တိုက် ရန် ထွက်သွား ပြီး 18 ပင်လယ် ၏ သဲ**
**သောင်ပြင် ပေါ်တွင် ရပ် လေ ၏။**

## ၄။ စာတန်မာရ်နှင့်ဆိုင်သော ၆၆၆တံဆိပ်ကိုခတ်ခြင်း




၆၆၆တံဆိပ်သည် စာတန်၏တံဆိပ်ဖြစ်သည် ထိုတံဆိပ်ကို လူကြီးလူငယ်အားလုံးကအသုံးကြမည်ဖြစ်သည် ထိုတံဆိပ်ကိုအသုံးမပြုသောသူများ

သည် မည်သည့်အရာမျှ ရောင်းဝယ်ခြင်းပြုလုပ်နိုင်မည်မဟုတ်ကြောင်းဤသို့ တွေ့ရသည်။

**ဗျာ၊ ၁၃း၁၆-၁၈ ထို့ပြင် လူကြီး ဖြစ်စေ၊ လူငယ် ဖြစ်စေ၊ ချမ်းသာ သော သူ ဖြစ်စေ၊ ဆင်းရဲ သော သူ ဖြစ်စေ၊ လွတ်လပ် သူ ဖြစ်စေ၊ ကျွန် ဖြစ် စေ၊ လူ အပေါင်း တို့ အား သူ တို့ ၏ လက်ယာ လက် ပေါ်၌ ၊ သို့မဟုတ် နဖူး ပေါ်၌ အမှတ်တံဆိပ် ကို ရိုက်နှိပ် စေ ၍ 17သားရဲ ၏ အမည် ၊ သို့မဟုတ် သူ့ အမည် ၏ ကိန်းဂဏန်း ဖြစ် သည့် ထို အမှတ်တံဆိပ် မ ရှိ လျှင် မည်သူမျှ အ ရောင်း အဝယ် မ ပြု နိုင် ရန် စီရင် လေ ၏။18ဤ နေရာ တွင် ဉာဏ်ပညာ ရှိ ရန် လို အပ် ၏။ ထိုးထွင်းဉာဏ် ရှိ သော သူ သည် သားရဲ ၏ ကိန်းဂဏန်း ကို တွက်ချက် ပါစေ။ အကြောင်းမူကား ၎င်း သည် လူ တစ် ဦး ၏ ကိန်းဂဏန်း ဖြစ် ပြီး ထို ကိန်းဂဏန်း မှာ ခြောက်ရာ ခြောက်ဆယ့် ခြောက် ဖြစ် ၏။**

၆၆၆တံဆိပ်အသုံးမပြု၊ သာရဲ၏ရုပ်တုကိုလည်းမကိုကွယ်လျှင် အသက် ရှင်ခွင့်မပေးဘဲသတ်ဖျတ်ခြင်းခံရကြောင့် ဤသို့တွေ့ရသည်။

**ဗျာ၊ ၁၃း ၁၅ တစ်ဖန် သားရဲ ၏ ရုပ်တု သည် စကား ပြော နိုင် ရန် နှင့် သားရဲ ၏ ရုပ်တု ကို မ ကိုးကွယ် သော သူ ရှိသမျှ တို့ ကို သတ်ဖြတ် စေရန် ထို သားရဲ ၏ ရုပ်တု အား အသက် သွင်း ပေး နိုင် သော အခွင့် ကို ရရှိ လေ ၏။** ဤကျမ်းစာ၌ဆက်လေ့နိုင်သည်။ (ဗျာ၊ ၂၀း၄)။

၆၆၆ကိုအသုံးပြုသောသူများသည် ဝိညာဉ်ရေးရာအတွက် လုံးဝအခွင့် အရေးမရှိတော့ပဲ ထာဝရငရဲမီးအိုင်ထဲသို့သွားရမည်အကြောင်းလည်းဤသို့ ဖော်ပြထားသည်။

**ဗျာ၊ ၁၄း၉-၁၁ တစ်ဖန် တတိယ ကောင်းကင် တမန် သည် သူ တို့ နောက်
မှ လိုက် လာ ၍ "သားရဲ နှင့် သူ ၏ ရုပ်တု ကို ကိုးကွယ် လျက် မိမိ နဖူး ပေါ်
တွင် ဖြစ်စေ၊ မိမိ လက် ပေါ်တွင် ဖြစ်စေ သူ ၏ အမှတ်တံဆိပ် ကို ခံယူ သော
သူ သည် 10ဘုရားသခင် ၏ အမျက် တော် ခွက် ၌ မည်သည့် အရာ မျှ မ
ရောစပ် ဘဲ လောင်းထည့် သည့် ကိုယ်တော် ၏ ပြင်းစွာ သော ဒေါသ စပျစ် ဝိုင်
ကို သောက် ရ လိမ့်မည်။ ထို သူ သည် သန့်ရှင်း သော ကောင်းကင် တမန် များ
နှင့် သိုးသငယ် တော် ၏ ရှေ့မှောက် တွင် ကန့် နှင့် မီး တို့ ထဲ၌ ညှဉ်းဆဲ ခြင်း
ကို ခံရ လိမ့်မည်။ 11သူ တို့ ခံရ သည့် ညှဉ်းဆဲ ခြင်း ၏ မီးခိုး သည် ကမ္ဘာ
အဆက်ဆက် တက် လျက် နေ ၏။ သားရဲ နှင့် သူ ၏ ရုပ်တု ကို ကိုးကွယ် ၍
သူ့ အမည် ၏ အမှတ်တံဆိပ် ကို ခံယူ သော သူ သည် နေ့ ရော ည ပါ သက်သာ
ရာ ရလိမ့်မည် မ ဟုတ်" ဟု ကျယ်လောင် သော အသံ ဖြင့် ကြွေးကြော် လေ
၏။**

ဖတ်ရှု့လေ့လာသောသူများအားလုံးဘုရားသခင်ကောင်းချီးပေးပါစေ၊ ဒီထက်မက စာရေးသားပြုစုနိုင်ဖို့ရန်လည်း ဆုတောင်းသတိရပေးကြပါ။